ရတနာပုံခေတ် မြန်မာစာပေ

# ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မောင်ညီညီလှိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ ခုနှစ်၊ ဇွန်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "ရတနာပုံခေတ် မြန်မာစာပေ"အမည်ဖြင့် ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်းဖြစ်ပါသည်။ ရတနာပုံခေတ် မင်းတုန်းမင်းနှင့်သီပေါမင်းလက်ထက်တော်တို့တွင် မြန်မာစာပေသည် ကဏ္ဍမျိုးစုံမှ အထူးဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် စာပေသမိုင်းပုံစံဖြင့် နယ်ပယ်ကန့်သတ်တင်ပြထားပါသည်။ ရတနာပုံခေတ်မြန်မာစာပေကို စကားပြေ၊ ကဗျာ၊ ပြဇာတ်ဟူ၍ အပိုင်းခွဲလေ့လာတင်ပြထားပါသည်။ စကားပြေကိုလေ့လာရာတွင် သုတစကားပြေ၊ ရသစကားပြေနှင့် သုတရသစကားပြေဟူ၍ အပိုင်းခွဲလေ့လာထားပါသည်။ ကဗျာကိုလေ့လာရာတွင် လင်္ကာကဗျာနှင့်သီချင်းကဗျာဟူ၍ ပိုင်းခြား လေ့လာထားပါသည်။ ပြဇာတ်ကိုလေ့လာရာတွင်မူ ရတနာပုံခေတ်တွင် ထင်ရှားခဲ့သည့် စလေဦးပုည၏ပြဇာတ်များကို လေ့လာတင်ပြထားပါသည်။